ကောင်း၏၊ ရဟန်းဖြစ်သူက နိဿယည်းတောင်းလျှင် နိဿယည်း ပေးကောင်း၏။ ဤစကားအရ "သာမဏေများသည် ပဌမ ဥပဇ္ဈာယ်ဆရာနှင့် ကွဲကွာနေသောအခါ ဖြစ်စေ, နဂို ဥပဇ္ဈာယ်ကို သဘောမကျ၍ဖြစ်စေ ဥပဇ္ဈာယ်အသစ် ပြောင်း၍ ယူကောင်း၏"ဟု မှတ်ပါ။

## လိင်ဆယ်ပါးနှင့်စပ်၍ မှတ်ဘွယ်

"အနုဇာနာမိ ဘိက္ခဝေ ဒသဟင်္ဂေဟိ သမန္နာဂတံ သာမဏေရံ နာသေတုံ" စသည်ဖြင့် ပါဏာတိပါတမှု စသော ဆယ်ပါးကို သာမဏေ၏ အသွင်ကို ဖျက်၍ လူထွက်စေကြောင်း အင်္ဂါဟု ဟောတော်မူ၏၊ ထို ၁၀-ပါးတွင်—

**ပါဏာတိပါတ။** ။ကုန္ထကိပိလ္လိကမ္ပိ မာရေတွာ မင်္ဂုရဏ္ဍကမ္ပိ ဘိန္ဒိတွာ နာသေတဗ္ဗတံယေဝ ပါပုဏာတိ=ခြ, ပရွက်ကိုသော်လည်း သတ်လျှင်ငှင်း၊ ကြမ်းပိုးဥကို သော်လည်း တုတ်လျှင် ခွဲလျှင်ငှင်း ဖျက်ဆီးထိုက်သူ၏ အဖြစ် သို့သာ ရောက်၏။

တာဝဒေဝဿ သရဏဂမနာနိ စ ဥပဇ္ဈာယဂ္ဂဟဏဉ္စ သေနာသနဂ္ဂါဟော စ ပဋိပဿမ္ဘတိ၊ သံဃလာဘံ န လဘတိ၊ လိင်္ဂမတ္တမေဝ ဧကံ အဝသိဋ္ဌံ ဟောတိ=ထို ပါဏာတိပါတမှုကို ပြုသည့် ခဏ၌ပင် သူ၏ (ရှေးက ယူထားသော) သရဏဂုံ ၃-ပါးသည်ငှင်း၊ ဥပဇ္ဈာယ်သည်ငှင်း၊ နေဘို့ရာ ခံယူထားသော သံဃိကကျောင်း ခံယူခြင်းသည်ငှင်း ငြိမ်းပျောက် ပြတ်စဲ တော့၏၊ သံဃာလာဘ်ဟူသမျှ မရထိုက်တော့၊ သင်္ကန်းဝတ် ထားသည့် အသွင်တခုသာ ကျန်တော့သည်။